

YARA

Knowledge grows

# သဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များ ရေရှည်တည်တံ့စေသည့်ဝယ်ယူရေးမူဝါဒ

**(Sustainable Procurement Policy)**

# ကျွန်ုပ်တို့၏ တာဝန်က လမ်းညွှန်သည်

## လေးစားရပါသော စာဖတ်သူ


ကမ္ဘာကြီးအား တာဝန်သိစွာ စားနပ်ရိက္ခာဖူလုံစေရန်နှင့် ကမ္ဘာမြေကို ကာကွယ်ရန်အတွက် (‘to responsibly feed the world and protect the planet') Yara ၏ အထူးတာဝန်သည်။ ကျွန်ုပ်တို့အား ပူးပေါင်းဆောင်ရွက်မှုရှိသော လူမှုအသိုင်းအဝိုင်းဖြစ်လာရေး ('a collaborative society') နှင့် ငတ်မွတ်မှု မရှိသော ကမ္ဘာ (‘a world without hunger')၊ ဂရုစိုက်ထိန်းသိမ်းခံ ကမ္ဘာမြေဖြစ်လာစေရေး(‘a planet respected') သည် ကျွန်ုပ်တို့၏ မျှော်မှန်းချက်ဆီသို့ လမ်းညွှန်လျက်ရှိသည်။ ပူးပေါင်းလုပ်ဆောင်ရာတွင် ကျွန်ုပ်တို့၏ မျှော်မှန်းချက်နှင့် ကျွန်ုပ်တို့၏ မဟာဗျူဟာ ရည်မှန်းချက် ဖြစ်သည့် သဘာဝအတွက် အပြုသဘောဆောင်သော အစားအစာ အနာဂတ် တစ်ခု ဖြစ်ထွန်းလာရေး(‘Growing a Nature-Positive Food Future')ကို အောင်မြင်စေရန်အလို့ငှာ လိုအပ်သည့် ဖြေရှင်းနည်းများကို ဖန်တီးရန်အတွက် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ အတားအဆီးများကို ကျွန်ုပ်တို့ ကျော်ဖြတ်ရပါသည်။


ကျွန်ုပ်တို့သည် အောင်မြင်မှုကို တိုင်းတာရာတွင် ဘက်စုံချဉ်းကပ်နည်းကို အသုံးပြုပါသည်။ ရည်ရွယ်ချက်နှင့် အကျိုးအမြတ်အကြား ဆန့်ကျင်ဘက်ဖြစ်နေခြင်း မရှိကြောင်း ကျွန်ုပ်တို့က အခိုင်အမာ ယုံကြည်ပါသည်။ အမှန်တကယ်တွင် ရှင်းလင်းပြတ်သားသော ရည်ရွယ်ချက်ရှိခြင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိသော နည်းလမ်းဖြင့် လုပ်ကိုင်ခြင်းသည် ကုမ္ပဏီတစ်ခုအနေနှင့် အောင်မြင်ရန်အတွက် မရှိမဖြစ် ရှိထားရမည့် လိုအပ်ချက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူ၊ ကမ္ဘာဂြိုဟ်နှင့် အကျိုးစီးပွား ဝင်ရိုးသုံးခုအတိုင်း ကျွန်ုပ်တို့၏ တန်ဖိုးဖန်တီးမှုကို စီမံဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် 2050 ခုနှစ်ကို နောက်ဆုံးထားပြီး ရာသီဥတုအပေါ် သက်ရောက်မှုမရှိသောလုပ်ငန်း ဖြစ်လာရေးအပေါ် အလေးပေးကြိုးပမ်းပြီး ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းက ဤရည်ရွယ်ချက် ပန်းတိုင်အတွက် အဓိကသော့ချက် ဖြစ်သည်။

ကျွန်ုပ်တို့၏ ပါဝင်ဆောင်ရွက်မှုကို သိရှိလာသည့်အပြင် ကျွန်ုပ်တို့၏ ကန့်သတ်ချက်များကိုလည်း သိရှိလာရပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာအနှံ့စိန်ခေါ်မှုများကို သီးခြားဖြေရှင်းနိုင်စွမ်း မရှိသောကြောင့် ပိုမိုကောင်းမွန်လာစေရန်အတွက် တန်ဖိုးကွင်းဆက်တစ်ခုလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဤရေရှည်တည်တံ့သော ဝယ်ယူရေးဆိုင်ရာ မူဝါဒ၏ ရည်ရွယ်ချက်မှာ ရေရှည်တည်တံ့သော

ဝယ်ယူရေးအပေါ် Yara ၏ အမြင်များကို ဆက်သွယ်ပြောဆိုရန်နှင့် ပစ္စည်းပေးသွင်းသူများထံမှ Yara က မျှော်လင့်သောအရာနှင့် ပေးသွင်းသူများကလည်း Yara ထံမှ မျှော်လင့်နိုင်သောအရာကို သတ်မှတ်ရန် ဖြစ်သည်။ ဆက်စပ် လွှမ်းခြုံနေသော ရည်မှန်းချက်မှာ ပူးပေါင်းလုပ်ဆောင်ခြင်း၊ အသိပညာမျှဝေခြင်းနှင့် အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ကျွန်ုပ်တို့၏ ဝေမျှထားသော တန်ဖိုးကွင်းဆက်၏ ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့မှုတို့ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။

Svein Tore Holsether
Presidente e CEO






## အနှစ်ချုပ်

အစားအစာကွင်းဆက်တွင် အပြုသဘောဆောင်သော နောက်ဆုံးသက်ရောက်မှု ဖြစ်စေရန်နှင့် ကျွန်ုပ်တို့ တန်ဖိုးကွင်းဆက် ရေရှည်တည်တံ့မှုကို ဖော်ဆောင်ရန်အတွက် Yara မှခိုင်ခိုင်မာမာဆုံး ဖြည်ထားသည်။ ဤသဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များ ရေရှည်တည်တံ့စေသည့်ဝယ်ယူရေးမူဝါဒ၏ ရည်ရွယ်ချက်မှာ Yara နှင့် ၎င်း၏ စီးပွားရေး မိတ်ဖက်များအတွက် ရေရှည်တည်တံ့သော တန်ဖိုးကို ဖန်တီးကြောင်း သေချာစေရန် ဖြစ်သည်။


ပိုမိုကောင်းမွန်လာစေရန်အတွက် တန်ဖိုးကွင်းဆက်တစ်ခုလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့က ယုံကြည်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ရေရှည်တည်တံ့မှု ရည်ရွယ်ချက်များ ဖြစ်မြောက်လာရန်အတွက် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများ အပါအဝင် တန်ဖိုးကွင်းဆက်အတွင်းရှိ အခြားပါဝင်သူများနှင့်အတူတူ နီးနီးကပ်ကပ် လုပ်ကိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ရေရှည်တည်တံ့မှုကို လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်အားလုံးသို့ ထည့်သွင်းထားပြီး ကျွန်ုပ်တို့၏ ထောက်ပံ့ရေးကွင်းဆက် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ရှင်းလင်း၍ ပွင့်လင်းမြင်သာသော ချိတ်ဆက်မှုတစ်ခု တည်ဆောက်ရာတွင် ပစ္စည်းဝယ်ယူခြင်းက အဓိကနေရာမှ ပါဝင်လာပါသည်။

ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများမှာ ကျွန်ုပ်တို့၏ အသိအမှတ်ပြုမှု ရရှိထားသော စီးပွားရေး မိတ်ဖက်များဖြစ်ကြပြီး Yara ၏ အောင်မြင်မှုအတွက် မရှိမဖြစ် လိုအပ်သူများ ဖြစ်သည်။ သဘာဝအတွက် အပြုသဘောဆောင်သော အစားအစာ အနာဂတ် ('Growing a Nature-Positive Food Future') တစ်ခု ဖြစ်ထွန်းလာရေး ကျွန်ုပ်တို့၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အလို့ငှာ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေနှင့် တူညီ၍ ရေရှည်တည်တံ့သော တန်ဖိုးကွင်းဆက်အတွက် ကြိုးပမ်းအားထုတ်ရမည်သာမက ၎င်းတို့၏ စီးပွားရေးမိတ်ဖက်များထံမှလည်း အလားတူကြိုးပမ်းမှုကို လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များတွင် ရေရှည်တည်တံ့မှုဆိုင်ရာ ကဏ္ဍအားလုံးကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ပြီး ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများကလည်း အလားတူ လုပ်ဆောင်ကြရန် မျှော်လင့်သော်လည်း ဤရေရှည်တည်တံ့သော ဝယ်ယူရေးဆိုင်ရာ မူဝါဒတွင်မူ အောက်ပါအကြောင်းအရာများအား အထူးအလေးပေး ဖော်ပြထားသည်၊ ၎င်းတို့မှာ ရာသီဥတုပြောင်းလဲမှု၊

စွမ်းအင်၊ စွန့်ပစ်မှုအနည်းဆုံးဖြင့် အဆင့်ဆင့်သုံးခြင်း၊ ရေစီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှု၊ လူ့အခွင့်အရေးနှင့် အလုပ်သမားဆိုင်ရာ ကျင့်သုံးမှုများ၊ လုပ်ငန်းဆိုင်ရာ ဂုဏ်သိက္ခာရှိမှု၊ မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်မှု စသည်တို့ ဖြစ်သည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ Yara ၏ တန်ဖိုးများကို ဝေမျှထားသော ပစ္စည်းပေးသွင်းသူများနှင့် ရေရှည်ဆက်ဆံရေး ခိုင်မြဲရန်၊ Yara နှင့် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများ နှစ်ဦးစလုံးအနေနှင့် လူမှုသဘောအရရော သဘာဝပတ်ဝန်းကျင်အရပါ တာဝန်ယူမှုရှိသောပုံစံဖြင့် လုပ်ငန်းရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန် ဖြစ်သည်။ သို့ဖြစ်၍ ပစ္စည်းပေးသွင်းသူများ၏ ရေရှည်တည်တံ့မှု စွမ်းဆောင်ရည်ကို အကဲဖြတ်ပြီး လေးစားလိုက်နာမှုကို အတည်ပြုရန်အလို့ငှာ ကျွန်ုပ်တို့က ချဉ်းကပ်နည်းအမျိုးမျိုးကို အသုံးပြုနိုင်သည်။

ကျွန်ုပ်တို့၏ ထောက်ပံ့ရေးကွင်းဆက်တွင် ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရန်နှင့် ကျွန်ုပ်တို့၏ စီးပွားရေး မိတ်ဖက်များနှင့် အတူတူ တိုးတက်ရန်အတွက် သီးခြားလွတ်လပ်၍ ဈေးကွက်တွင်ဦးဆောင်နေသော အဆင့်သတ်မှတ်ချက်ပေးသည့် အေဂျင်စီ အနည်းဆုံးတစ်ခုက ပစ္စည်းပေးသွင်းသူများ၏ ရေရှည်တည်တံ့မှု စွမ်းဆောင်ရည်နှင့် ကြိုးပမ်းအားထုတ်မှုအပေါ် အဆင့်သတ်မှတ်ပေးရန် ကျွန်ုပ်တို့က မျှော်လင့်ပါသည်။

Yara ၏ ရည်မှန်းချက်မှာ-

80% သောကျွန်ုပ်တို့ သုံးစွဲမှုကို မိတ်ဖက်အဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်နှင့် ရင်းမြစ်များရေရှည်တည်တံ့စေသည့် အကဲဖြတ်မှုများဖြင့် 2025 ပြည့်နှစ်စ၍ အကျုံးဝင်စေရန် 75% သောကျွန်ုပ်တို့၏ အဆင့်သတ်မှတ်ချက်ရှိသည့် ပစ္စည်းပေးသွင်းသူများ၏ ရေရှည်တည်တံ့မှု စွမ်းဆောင်ရည်မှာ ၎င်းတို့၏ ယခင်(နှစ်ပတ်လည်) အကဲဖြတ်မှုနှင့် နှိုင်းယှဉ်ပါက 2025 ပြည့်နှစ်စ၍ ပိုမိုကောင်းမွန်လာရန်ဟူ၍ ဖြစ်သည်။

ရေရှည်တည်တံ့မှု စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းသည် ကြိုးပမ်းအားထုတ်မှု လိုအပ်ပြီး အချိန်ယူရကြောင်း နားလည်ပြီး အပြန်အလှန် တိုးတက်လာစေရန်အတွက် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းကို ကျွန်ုပ်တို့က အလေးပေးဆောင်ရွက်လျက်ရှိသည်။

# Yara ၏ သဘာဝပတ်ဝန်းကျင်နှင့် ရင်းမြစ်များရေရှည်တည်တံ့စေသည့် ဝယ်ယူရေးမူဝါဒ

ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေသည့်ဝယ်ယူရေးမူဝါဒကို စီးပွားရေး မိတ်ဖက်များအတွက် ချမှတ်ထားသော ကျင့်ဝတ်များ (Code of Conduct for Business Partners) တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း လမ်းညွှန်စည်းမျဉ်းများအပေါ် အခြေခံထားသည်။ စဉ်ဆက်မပြတ် တိုးတက်ရေးကို တွန်းအားပေးနေစဉ်တွင် စမှတ်သည် ဥပဒေများနှင့် စည်းမျဉ်းများနှင့်အညီ လုပ်ငန်းလုပ်ကိုင်ရန်အတွက် ကျွန်ုပ်တို့၏ ကတိကဝတ်ပင် ဖြစ်သည်။ ဤမူဝါဒနှင့် စီးပွားရေးမိတ်ဖက်များအတွက် ကျွန်ုပ်တို့၏ ကျင့်ဝတ်နှစ်ရပ်လုံးသည် သက်ဆိုင်မှုရှိပြီး ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူအားလုံးက လိုက်နာကြရန် မျှော်လင့်ပါသည်။

တည်ဆဲ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ လေးစားလိုက်နာလျက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းအပြင် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေနှင့် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်စည်းမျဉ်းများ၊ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်၏ စည်းမျဉ်းဆယ်ခုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ United Nations Guiding Principles on Business and Human Rights, the Ten Principles of the UN Global Compact as well as the Sustainable Development Goals.ကို အထူးလေးစားကြရန် ကျွန်ုပ်တို့က မျှော်လင့်ပါသည်။ ဤသဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေသည့် ဝယ်ယူရေးမူဝါဒသည် အထက်ဖော်ပြပါ စံနှုန်းများနှင့် စည်းမျဉ်းများပေါ်တွင် တည်ဆောက်ထားသည့်အပြင် Yara နှင့် ၎င်း၏ပစ္စည်းပေးသွင်းသူများအတွက် ရေရှည်တည်တံ့သော လုပ်ငန်းကျင့်ဝတ်ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရန် ရည်ရွယ်ပါသည်။

Yara အတွက် သဘာဝအတွက် အပြုသဘောဆောင်သော အစားအစာ အနာဂတ် ('Growing a Nature-Positive Food Future') တစ်ခု ဖြစ်ထွန်းလာရေးဆိုင်ရာ ၎င်း၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အလို့ငှာ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေနှင့် ရေရှည်တည်တံ့သော တန်ဖိုးကွင်းဆကအတွက် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပြီး ၎င်း၏ စီးပွားရေး မိတ်ဖက်များထံမှလည်း အလားတူ ကြိုးပမ်းမှုကို ကျွန်ုပ်တို့က လိုအပ်ပါသည်။ Yara သည် ၎င်း၏ လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များတွင် သဘာဝပတ်ဝန်းကျင်နှင့် ရင်းမြစ်များရေရှည်တည်တံ့စေရေးဆိုင်ရာ ကဏ္ဍအားလုံးကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ပြီး ဤရေရှည်တည်တံ့သော ဝယ်ယူရေး ဆိုင်ရာ မူဝါဒသည် အောက်ပါအကြောင်းအရာများအတွက် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများထံမှ အထူးအလေးပေးမှုကို လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှု- ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချ၍ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေ ရှိအောင် ပြင်ဆင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာအောင် လုပ်ဆောင်ခြင်း။
စွမ်းအင်- စွမ်းအင် ထိရောက်ထက်မြက်မှုကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရင်းမြစ်များ ရှာဖွေခြင်းဆိုင်ရာ ကုမ္ပဏီ၏ ရပ်တည်ချက်ကို သတ်မှတ်ခြင်း။
စွန့်ပစ်မှုအနည်းဆုံးဖြင့် အဆင့်ဆင့်သုံးခြင်း- ပစ္စည်းများကို ထိရောက်စွာအသုံးပြု၍ စွန့်ပစ်မှုအနည်းဆုံး အဆင့်ဆင့်သုံး စီးပွားရေးဆီသို့ ရွေ့လျားခြင်းနှင့် ပြန်လည်အသုံးပြုမှု၊ စွန့်ပစ်မှုအနည်းဆုံးဖြင့် အဆင့်ဆင့်အသုံးပြုမှု စသည့်အချက်များကို ဦးစားပေးပြီး ထိုသို့ လုပ်ဆောင်ရန်အတွက် နည်းပညာများကို ဖွံ့ဖြိုးလာအောင် လုပ်ခြင်းဖြင့် ရေစီမံခန့်ခွဲမှုကို တိုးတက်အောင်လုပ်ဆောင်ခြင်း။
ရေ စီမံခန့်ခွဲမှု- သန့်ရှင်းသော ရေကို ကာကွယ်ပြီး ရေကို အသုံးပြုခြင်း နှင့် ရေစွန့်ထုတ်မှုများကို ထိရောက်စွာ စီမံခြင်းဖြင့် ရေကြောင့်ဖြစ်သော သောကကို အနည်းဆုံးဖြစ်အောင်လုပ်ခြင်း။
ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး- ဝန်ထမ်းများ၊ ကန်ထရိုက်တာများအားလုံးအတွက် ကျန်းမာရေး၊ ကိုယ်စိတ်ကျန်းမာမှုနှင့် ဘေးကင်းလုံခြုံရေးကို သေချာအောင်လုပ်ခြင်းနှင့် အနီးအနားရှိ လူမှုအသိုင်းအဝိုင်းများအား ဘေးကင်းလုံခြုံစေကာ အန္တရာယ် ကျရောက်နိုင်မှု အနည်းဆုံးဖြစ်အောင်လုပ်ဆောင်ခြင်း။
လူ့အခွင့်အရေးနှင့် အလုပ်သမားဆိုင်ရာ ကျင့်သုံးမှုများ- ကျွန်ုပ်တို့၏ လုပ်ငန်းလုပ်ကိုင်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် တစ်လျှောက်လုံးရှိ သက်ဆိုင်ရာ အလုပ်သမားအခွင့်အရေးများနှင့်အတူ နိုင်ငံတကာ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများကိုပါ လေးစားမှုရှိခြင်း၊ ဝန်ထမ်းများ၊ ၎င်းတို့၏ အဖွဲ့အစည်းများနှင့်အတူ ကောင်းမွန်၍ အပြုသဘောဆောင်သော ဆက်ဆံရေးများကို ထိန်းသိမ်းခြင်း။
လုပ်ငန်းဆိုင်ရာ ဂုဏ်သိက္ခာရှိမှု- တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ်ကို လေးစားဂုဏ်ယူခြင်း၊ သင့်လျော်သော မူဝါဒများ၊ ကျင့်ထုံးများကို ထိန်းသိမ်းပြီး လေးစားမှု၊ ရိုးသားမှုနှင့် မျှတမှုရှိသော ဓလေ့ထုံးစံကို အားပေးထောက်ခံကာ ပွင့်လင်းမြင်သာမှုရှိရန် တွန်းအားပေးခြင်းဖြင့် တာဝန်ခံမှုကို တိုးမြှင့်ခြင်း။
မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် အားလုံးပါဝင်မှု- အားလုံးပါဝင်၍ မတူကွဲပြားမှုရှိသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို တည်ဆောက်ခြင်းနှင့် အားလုံးအတွက် မျှတသော ဆက်ဆံရေးနှင့် တူညီသော အခွင့်အရေးများရှိကြောင်း သေချာအောင် လုပ်ဆောင်ခြင်း။
သဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေသော ထောက်ပံ့ရေးကွင်းဆက်များ- အထက်ပါ သဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေရေး လိုအပ်ချက်များကို ကျွန်ုပ်တို့ ပစ္စည်းပေးသွင်းသူများ၏ ထောက်ပံ့ရေးကွင်းဆက်အတွင်းသို့ ထည့်သွင်းခြင်းသည် ဤမူဝါဒ၏ အဓိကမျှော်မှန်းချက်တစ်ခု ဖြစ်သည်။



# ကုန်ပစ္စည်းပေးသွင်းသူများ၏ လေးစားလိုက်နာမှုနှင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှု


ကမ္ဘာအနှံ့ ဝန်ထမ်းဦးရေ 18,000 ၊ နိုင်ငံပေါင်း 60 ကျော်တွင် လုပ်ငန်းဆောင်ရွက်မှုများနှင့် 2050 ခုနှစ်၌ သဘာဝအတွက် အပြုသဘောဆောင်ပြီး ရာသီဥတုအပေါ် သက်ရောက်မှုမရှိသော လုပ်ငန်း ဖြစ်လာရေးဆိုင်ရာ နည်းဗျူဟာကျသော ရည်မှန်းချက်နှင့် အတူ ကျွန်ုပ်တို့အနေနှင့် ဒေသတွင်း ဝန်ဆောင်မှုပံ့ပိုးသူများမှသည် ကမ္ဘာလုံးဆိုင်ရာ ကုန်ကြမ်းပစ္စည်းထုတ်လုပ်သူများ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများနှင့် နည်းပညာအထိ ပေးထားသော မည်သည့်ကဏ္ဍတွင်မဆို အလွန်တော်သော ပစ္စည်းပေးသွင်းသူများနှင့်အတူ လက်တွဲလုပ်ဆောင်ရန် လိုအပ်သည်။

ကျွန်ုပ်တို့ရွေးချယ်ထားသော ပစ္စည်းပေးသွင်းသူများမှာ ကျွန်ုပ်တို့၏ အသိအမှတ်ပြုမှုရရှိထားသော စီးပွားရေးမိတ်ဖက်များ ဖြစ်သောကြောင့် ၎င်းစီးပွားရေး မိတ်ဖက်များ အားလုံးအနေနှင့် စီးပွားရေးဆောင်ရွက်မှုဆိုင်ရာ လူ၊ ကမ္ဘာဂြိုဟ်နှင့် အကျိုးစီးပွား ရှုထောင့်များအပေါ် Yara ၏ အာရုံစိုက်မှုကို ဝေမျှရန် မျှော်လင့်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ကျွန်ုပ်တို့၏ ရေရှည်တည်တံ့မှု ခရီးဆိုင်ရာ တိုးတက်မှုကို သေချာစေရန်အလို့ငှာ ကျွန်ုပ်တို့၏ ရေရှည်တည်တံ့သော ဝယ်ယူရေးဆိုင်ရာ မူဝါဒ၏ အဓိက အစိတ်အပိုင်းများကို ကုန်ပစ္စည်းပေးသွင်းသူများ၏ လေးစားလိုက်နာမှုနှင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ထည့်သွင်းထားသည်။ ၎င်းလုပ်ငန်းစဉ်များတွင် ပစ္စည်းပေးသွင်းသူဆိုင်ရာ ခွင့်ပြုချက်၊ အရည်အချင်း၊ မိတ်ဆက်ခြင်း၊ လေးစားလိုက်နာမှုနှင့် စွမ်းဆောင်ရည်ကို စောင့်ကြည့်စစ်ဆေးခြင်းတို့ ပါဝင်သည်။

ပစ္စည်းပေးသွင်းသူအား ရွေးချယ်မှုကို ကျွန်ုပ်တို့၏ လိုအပ်ချက်များ၊ မျှော်မှန်းချက်များအား ပြည့်မီနိုင်စွမ်းနှင့် Yara ၏ ရေရှည်တည်တံ့သော ဝယ်ယူရေးဆိုင်ရာ မူဝါဒနှင့် စီးပွားရေး မိတ်ဖက်များအတွက် ချမှတ်ထားသော  ကျင့်ဝတ်များအား လိုက်နာနိုင်စွမ်းစသည့် ပစ္စည်းပေးသွင်းသူ၏ အရည်အချင်းပေါ်တွင်သာ အခြေခံထားသည်။ ပစ္စည်းပေးသွင်းသူအား ရွေးချယ်ခြင်း အဆင့်တွင် ကျွန်ုပ်တို့သည် အမျိုးအစား အတိအကျနှင့် အခြားသက်ဆိုင်ရာ လိုအပ်ချက်များအရ လိုအပ်သော အချက်အလက်များ၊ စာရွက်စာတမ်းများကို စုဆောင်းပြီး ကျွန်ုပ်တို့၏ စံနှုန်းများ သို့မဟုတ် မျှော်လင့်ချက်များအပေါ် ချိုးဖောက်နိုင်ခြေကို အကဲဖြတ်ခြင်းဖြင့် အန္တရာယ်အကဲဖြတ်မှုကို ဆောင်ရွက်သည်။

ပစ္စည်းပေးသွင်းသူအား ရွေးချယ်မှုဆိုင်ရာ လုပ်ငန်းစဉ်၏ အရေးကြီးသော အပိုင်းအနေနှင့် ကျွန်ုပ်တို့သည် ပစ္စည်းပေးသွင်းသူ၏ စွမ်းဆောင်ရည်၊ ရေရှည်တည်တံ့မှုဆိုင်ရာ စံနှုန်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို ဆက်သွယ်ပြောဆိုသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စာချုပ်ပုံစံများတွင် အဆိုပါ မျှော်လင့်ချက်များ ပါဝင်ပြီး စီးပွားရေးမိတ်ဖက်များအတွက် Yara ၏ စီးပွားရေး မိတ်ဖက်များအတွက် ချမှတ်ထားသော  ကျင့်ဝတ်တို့ကို လိုက်နာရန် လိုအပ်ပါသည်။



လက်မှတ်ရေးထိုးထားသော စာချုပ်တိုင်းနှင့်အတူ ကျွန်ုပ်တို့၏ လုပ်ငန်းဆက်ဆံရေးသက်တမ်း တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေနှင့် စီးပွားရေး မိတ်ဖက်များအတွက် ချမှတ်ထားသော ကျင့်ဝတ်တို့ကို ဤမူဝါဒနှင့်အညီ လေးစားစွာ ပြုမူဆောင်ရွက်ရန် ကျွန်ုပ်တို့က မျှော်လင့်ပါသည်။

ပစ္စည်းပေးသွင်းသူများ၏ ယှဉ်ပြိုင်နိုင်မှု၊ ယုံကြည်စိတ်ချရမှု၊ ဆန်းသစ်တီထွင်နိုင်စွမ်း၊ လုပ်ငန်းဆက်ဆံရေးနှင့် ရေရှည်တည်တံ့မှုအပေါ် ကတိကဝတ်တို့ကို ပစ္စည်းဝယ်ယူရေး အဖွဲ့က အကဲဖြတ်သည်။ ရေရှည်တည်တံ့မှုအပေါ် ကတိကဝတ်ကို အကဲဖြတ်ရန်အလို့ငှာ ပစ္စည်းပေးသွင်းသူများအနေနှင့် အောက်ပါ နည်းလမ်းများမှတစ်ဆင့် ရေရှည်တည်တံ့မှု စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နေကြောင်း အတည်ပြုရန်အတွက် ကျွန်ုပ်တို့က ၎င်းပစ္စည်းပေးသွင်းသူများအား မေးမြန်းကောင်း မေးမြန်းနိုင်သည်။

**စစ်ဆေးမှုစာရင်းများ/မေးခွန်းများ-** ပစ္စည်းပေးသွင်းသူများအား ESG(Environmental Social and Governance) စည်းမျဉ်းများ အပါအဝင် အပိုင်းကဏ္ဍအမျိုးမျိုးနှင့် ပတ်သက်သည့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို အကဲဖြတ်သည့် စစ်ဆေးမှုစာရင်းများ နှင့်/သို့မဟုတ် မေးခွန်းများကို ကျွန်ုပ်တို့က ဖြည့်စွက်ခိုင်းကောင်း ခိုင်းနိုင်သည်။

**ပြင်ပအဖွဲ့အစည်း၏ ရေရှည်တည်တံ့ရေး အကဲဖြတ်မှုများ-** ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေနှင့် ၎င်းတို့၏ ရေရှည်တည်တံ့ရေး စွမ်းဆောင်ရည်နှင့် ကြိုးပမ်းအားထုတ်မှုများအပေါ် သီးခြား လွတ်လပ်သော ပြင်ပအဖွဲ့အစည်း အနည်းဆုံးတစ်ခု၏ အဆင့်သတ်မှတ်ခြင်းခံရရန်နှင့် ထိုအဆင့်သတ်မှတ်ချက်များအရ ၎င်းတို့၏ စွမ်းဆောင်နိုင်စွမ်းကို စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ကြရန် ကျွန်ုပ်တို့က မျှော်လင့်ပါသည်။

**မှတ်တမ်းတင်ခြင်း-** ရေရှည်တည်တံ့မှု စည်းမျဉ်းများဆိုင်ရာ ကတိကဝတ်ကို အတည်ပြုထားသည့် ထုတ်ပြန်ချက်များ သို့မဟုတ် အခြားစာရွက်စာတမ်းများကို ကျွန်ုပ်တို့က ပစ္စည်းပေးသွင်းသူများထံမှ တောင်းဆိုကောင်း တောင်းဆိုနိုင်ပါသည်။

**အလုပ်ခွင် စစ်ဆေးမှုများ-** ကျွန်ုပ်တို့ သို့မဟုတ် ကျွန်ုပ်တို့ကိုယ်စား ဆောင်ရွက်လျက်ရှိသော ခွင့်ပြုချက်ရ ပြင်ပအဖွဲ့အစည်းတစ်ခုသည် ပစ္စည်းပေးသွင်းသူများထံသို့ ဆက်သွယ်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ရေရှည်တည်တံ့မှုစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြောင်း စစ်ဆေးအတည်ပြုရန်အတွက် ဓလေ့ထုံးစံအရ အတွင်းရေးလျှို့ဝှက်ထားရန် တာဝန်ဝတ္တရားများကို လိုက်နာ၍ လုပ်ငန်းခွင်သို့ သွားရောက်ခွင့်အား ၎င်းတို့ထံ တောင်းဆိုကောင်း တောင်းဆိုနိုင်သည်။

အကဲဖြတ်ခြင်းခံရသော ပစ္စည်းပေးသွင်းသူများအနေနှင့် သဘောတူထားသည့် အချိန်ကာလအတွင်း အကဲဖြတ်မှုတွင် သတ်မှတ်ထားသော မည်သည့်ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်ကိုမဆို ကိုင်တွယ်ဖြေရှင်းရန် Yara က မျှော်လင့်လျက်ရှိပြီး တောင်းဆိုထားသည့်အတိုင်း စာရွက်စာတမ်းများကို ပံ့ပိုးကူညီပေးပါမည်။ အချို့သော ဖွံ့ဖြိုးတိုးတက်မှုများမှာ အချိန်ယူရနိုင်ပြီး ရေရှည်တည်တံ့ရေး စီမံကိန်းအချို့၏ ရှုပ်ထွေးမှုကို အသိအမှတ်ပြုရနိုင်ကြောင်း ကျွန်ုပ်တို့က နားလည်သဘောပေါက်ပါသည်။ Yara သည် ဤအားထုတ်မှုများတွင် ပစ္စည်းပေးသွင်းသူများအား ပံ့ပိုးကူညီရန် ရည်ရွယ်သည်။ သို့သော် ပစ္စည်းပေးသွင်းသူ တစ်ဦးသည် သဘောတူထားသည် အချိန်ကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို ပြသရန်အတွက် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်ခြင်းမရှိကြောင်း ကျွန်ုပ်တို့ တွေ့မြင်ပါက အစားထိုး ပစ္စည်းပေးသွင်းသူ တစ်ဦးကို တောင်းခံရန်အတွက် လိုအပ်သောအဆင့်များကို ကျွန်ုပ်တို့က ဆောင်ရွက်နိုင်သည်။

ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေရေး မြှင့်တင်မှု အစီအစဉ်တွင် အရေးကြီးသော ခြေလှမ်းမှာ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများ၊ ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေရေး စွမ်းဆောင်ရည်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ပစ္စည်းပေးသွင်းသူများ၏ စွမ်းဆောင်ရည်ဆိုင်ရာ သွင်ပြင်အားလုံးအပေါ် တိုင်းတာရန်နှင့် နောက်ဆက်တွဲ လိုအပ်သည်များကို ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်သည်။

Yara ၏ ရည်မှန်းချက်မှာ-

**80%** သောကျွန်ုပ်တို့ သုံးစွဲမှုကို မိတ်ဖက်အဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်နှင့် ရင်းမြစ်များရေရှည်တည်တံ့စေသည့် အကဲဖြတ်မှုများဖြင့် 2025 ပြည့်နှစ်စ၍ အကျုံးဝင်စေရန်

**75%** သောကျွန်ုပ်တို့၏ အဆင့်သတ်မှတ်ချက်ရှိသည့် ပစ္စည်းပေးသွင်းသူများ၏ ရေရှည်တည်တံ့မှု စွမ်းဆောင်ရည်မှာ ၎င်းတို့၏ ယခင် (နှစ်ပတ်လည်) အကဲဖြတ်မှုနှင့် နှိုင်းယှဉ်ပါက 2025 ပြည့်နှစ်စ၍ ပိုမိုကောင်းမွန်လာရန်ဟူ၍ ဖြစ်သည်။



အနည်းဆုံးအနေဖြင့် အောက်ဖော်ပြပါ အပါအဝင် ဤမူဝါဒနှင့်အညီ လိုက်နာဆောင်ရွက်ကြောင်း သေချာစေရန်အလို့ငှာ ပစ္စည်းပေးသွင်းသူများအနေနှင့် စီမံခန့်ခွဲမှုစနစ်များကိုအကောင်အထည်ဖော်ရန် ကျွန်ုပ်တို့က မျှော်လင့်ပါသည်။

ဤမူဝါဒဖြင့် ကိုင်တွယ်ဖြေရှင်းသည့် သီးခြား အကြောင်းအရာများတွင် ရေရှည်တည်တံ့မှုဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးနယ်ပယ်များအတွင်းရှိ အန္တရာယ်များကို ဖော်ထုတ်သိရှိ၊ အကဲဖြတ်၊ စီမံခန့်ခွဲရန်အတွက် ယန္တရားများ။

ပစ္စည်းပေးသွင်းသူများ၊ သက်ဆိုင်ရာဝန်ထမ်းများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများ၊ ကိုယ်စားလှယ်များနှင့် လက်အောက်ခံ ကုမ္ပဏီများအားလုံးသို့ ဤမူဝါဒကို ဆက်သွယ်ပြောဆိုပါ။



# အစီရင်ခံခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

Yara ၏ ဝယ်ယူရေးအဖွဲ့အစည်း တစ်ခုချင်းစီအနေဖြင့် ဤမူဝါဒနှင့်အတူ ၎င်း၏လေးစားလိုက်နာမှုအပြင် ရေရှည်တည်တံ့မှု လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ဆန့်ကျင်နေသော သက်ဆိုင်ရာ ပစ္စည်းပေးသွင်းသူများ၏ စွမ်းဆောင်ရည်ကိုပါ စောင့်ကြည့်စစ်ဆေး၊ တိုင်းတာ၍ ဆန်းစစ်လေ့လာကာ အကဲဖြတ်မည်ဖြစ်သည်။ Yara ၏ သဘာဝပတ်ဝန်းကျင်နှင့် ရင်းမြစ်များရေရှည်တည်တံ့စေသည့်ဝယ်ယူရေးဆိုင်ရာ မူဝါဒ၏ ထိရောက်မှုကို အကဲဖြတ်ရန်အလို့ငှာ စီစဉ်ထားသော စွမ်းဆောင်ရည်အဆင့်များ ပြည့်မီခြင်း ရှိ၊ မရှိ ဆန်းစစ်လေ့လာရန်အတွက် ပစ္စည်း ဝယ်ယူဖြည့်တင်းရေးဌာနက ကာလတိုနှင့် ကာလလတ် အညွှန်းကိန်းများကို သတ်မှတ်မည်ဖြစ်သည်။

ဤမူဝါဒ၏ သင့်လျော်မှု၊ ကျင့်သုံးမှုနှင့် ထိရောက်မှုကို အဆိုပါ သုံးသပ်ချက်များဖြင့် အကဲဖြတ်မည်ဖြစ်ပြီး ၎င်း၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်ပါမည်။ အောင်မြင်သင့်သလောက် မအောင်မြင်ပါက ဤမူဝါဒရေးရာပြောင်းလဲမှုများ၊ အရင်းအမြစ် အခြေအနေစသဖြင့် ကန့်သတ်မထားသော လုပ်ဆောင်ချက်များကို လျှော့ပါးစေရန်အတွက် လိုအပ်ချက်ကိုလည်း သုံးသပ်ချက်များဖြင့်သာ အကဲဖြတ်ပါမည်။

Yara ၏ ဝယ်ယူသူသည် လေးစာလိုက်နာရေး တာဝန်ဝတ္တရားများဖြင့် သတ်မှတ်ထားသည့်အတိုင်း အစုရှယ်ယာပါဝင်သူများ၏ မျှော်လင့်ချက်များနှင့်အညီ ကုမ္ပဏီတွင်းနှင့် ကုမ္ပဏီပြင်ပ နှစ်ခုစလုံးတွင် ဤစွမ်းဆောင်ရည် အချက်အလက်များကို ဆက်သွယ်ပြောဆိုပါမည်။ ၎င်းတွင် အောက်ပါတို့ပါဝင်သော်လည်း ၎င်းတို့မျှသာဖြစ်သည်ဟု ကန့်သတ်မထားပါ-

ပစ္စည်းပေးသွင်းသူများနှင့် လိုအပ်သော ပြောဆိုဆောင်ရွက်မှုရှိခြင်းနှင့် ၎င်းထံသို့ လိုအပ်သော တုံ့ပြန်ချက်ပို့ခြင်း

Yara ၏ တာဝန်ဝတ္တရားများနှင့် ကတိကဝတ်များအရ ကုမ္ပဏီပြင်ပ ရေရှည်တည်တံ့မှုဆိုင်ရာ ထုတ်ဖော်ပြောကြားမှုများ

ဝယ်ယူထားသော ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များ၏ အသုံးပြုသူများအနေနှင့် Yara ၏ လုပ်ငန်းခွဲများနှင့် ဆက်သွယ်ပြောဆိုခြင်း



# မကျေနပ်မှုများနှင့် အကြံပြုချက်

ပစ္စည်းပေးသွင်းသူများနှင့် ၎င်းတို့၏ တစ်ဆင့်ခံ ကန်ထရိုက်တာများအနေနှင့် Yara ဝန်ထမ်း၊ ကိုယ်စားလှယ်၊ အကြံပေးဆွေးနွေးသူ၊ ကန်ထရိုက်တာ သို့မဟုတ် ကျွန်ုပ်တို့၏ စီးပွားရေး မိတ်ဖက်များ၏ ချိုးဖောက်မှုနှင့် ပတ်သက်၍ မသင်္ကာဖွယ်ရာတစ်ခုခု သို့မဟုတ် အမှုထားဖွယ်တစ်ခုခု သို့မဟုတ် ဤစာရွက်စာတမ်းတွင် သတ်မှတ်ဖော်ပြထားသော စံနှုန်းများကို လေးစားလိုက်နာမှုမရှိကြောင်း တွေ့ရှိပါက ထုတ်ဖော်ပြောဆိုရန်နှင့် ထိုကဲ့သို့အမှုထားဖွယ်ရာများကို ကျွန်ုပ်တို့ထံသို့ အစီရင်ခံရန် တိုက်တွန်းပါသည်။ Yara ရှိ သင်၏ ပုံမှန်အဆက်အသွယ်ရှိသူကို ဆက်သွယ်ခြင်းဖြင့် ၎င်းအစီရင်ခံခြင်းကို ပြုလုပ်နိုင်ပါသည်။

သို့မဟုတ် ထိုကဲ့သို့ မသင်္ကာဖွယ်ရာ သို့မဟုတ် အမှုထားဖွယ်ရာကို Yara ၏ ကျင့်ဝတ်နှင့် လေးစားလိုက်နာမှုဌာနသို့ ethics@yara.com မှတဆင့် သို့မဟုတ် www.yara.com တွင် ရရှိနိုင်သော Yara ၏ ကျင့်ဝတ်လိုက်နာရေး အရေးပေါ်ဖုန်းလိုင်းမှတစ်ဆင့် အမည်မဖော်ပြဘဲဖြစ်စေ ထုတ်ဖော်ပြောဆိုနိုင်သည်။

နောက်ထပ်အချက်အလက်များနှင့် လမ်းညွှန်ချက်ကို ကျွန်ုပ်တို့ဝက်ဘ်ဆိုက်၏ ကျင့်ဝတ်နှင့် လေးစားလိုက်နာမှုအခန်းကဏ္ဍတွင် ကြည့်ရှုနိုင်ပါသည်။

ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေနှင့် ဤမူဝါဒနှင့်ပတ်သက်၍ အကြံပြုချက်အပြင် ရေရှည် တည်တံ့သော တန်ဖိုးကွင်းဆက်အတွက် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် ပံ့ပိုးကူညီမှုကို မည်သို့တိုးတက်အောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အကြံပြုချက်များနှင့် အကြံဉာဏ်များပေး၍ ကျွန်ုပ်တို့နှင့် အဆက်အသွယ်မပြတ်ရှိရန် တိုက်တွန်းပါသည်။ Yara ရှိ သင်၏ ပုံမှန် အဆက်အသွယ် ရှိသူမှတဆင့် ၎င်းဆက်သွယ်မှုကို ပြုလုပ်နိုင်ပါသည်။



# ၎င်းမှာ Yara တွင် ပစ္စည်းဝယ်ယူရေးကို စနစ်တကျ ထားရှိပုံထားရှိနည်း အကြောင်းဖြစ်သည်

Yara တွင် ပစ္စည်းဝယ်ယူရေးကို အဓိက လုပ်ဆောင်ချက်သုံးခုဖြင့် ခွဲခြားထားသည်- တိုက်ရိုက်ဝယ်ယူရေး၊ တစ်ဆင့်ခံဝယ်ယူရေးနှင့် ဝယ်ယူရေးဆိုင်ရာ အုပ်ချုပ်မှု၊ စနစ်များနှင့် အကောင်းဆုံးဖြစ်မှုဟူ၍ ဖြစ်သည်။

တိုက်ရိုက်ဝယ်ယူခြင်းဖြင့် ကျွန်ုပ်တို့၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် ကုန်ပစ္စည်းများ၊ ကျွန်ုပ်တို့၏ ဈေးကွက်များအတွက် ပြင်ပအဖွဲ့များ၏ ဓာတ်မြေဩဇာများနှင့် ဓာတုပစ္စည်းများကို ရရှိသည်။

တစ်ဆင့်ခံဝယ်ယူရေးဟုဆိုရာတွင် လျှင်မြန်အကျိုးရှိသော လုပ်ငန်းဆောင်ရွက်မှုများကို လုပ်ကိုင်ရန်အတွက် အခြားကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူခြင်းဖြစ်သည်။

လုပ်ဆောင်ချက်နှစ်ခုစလုံးတွင် ကမ္ဘာတစ်ဝန်း လုပ်ပိုင်ခွင့်နှင့် ပြင်ပအဖွဲ့များ၏ သုံးစွဲမှုကို အပြည့်အဝ ထိန်းချုပ်ခွင့် ရှိသည်။ ၎င်းတို့၏ အမျိုးအစားအခြေပြု ဖွဲ့စည်းပုံသည် သဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေသည့် ဝယ်ယူရေးအပါအဝင် အမျိုးအစားဆိုင်ရာ နည်းစနစ်များအတွက် တာဝန်ရှိသော အပြန်အလှန်လုပ်ဆောင်မှုဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များကို စီမံခန့်ခွဲပေးသည်။ ဒေသတွင်း လုပ်ငန်းခွဲများအတွက် မဟာဗျူဟာကျကျ ဝယ်ယူမှုများ ပြုလုပ်ရန်မှာ ဒေသတွင်း ဝယ်ယူရေး အဖွဲ့အစည်းများစွာတွင် တာဝန်ရှိသည်။

ဝယ်ယူရေးဆိုင်ရာ အုပ်ချုပ်မှု၊ စနစ်များနှင့် အကောင်းဆုံးဖြစ်မှုသည် ထိရောက်ပြီး လျှင်မြန်အကျိုးရှိသည့် ဝယ်ယူမှုလုပ်ငန်းစဉ်များ၊ အကောင်းဆုံး အလေ့အကျင့်များ၊ ဝယ်ယူရေး အရည်အချင်းပြည့်မီမှုဆိုင်ရာ တိုးတက်မှုတို့ကို မျှဝေခြင်းနှင့် အီလက်ထရောနစ်စနစ်သုံး နောက်ဆုံးပေါ်ကိရိယာများကို ပံ့ပိုးပေးခြင်းတို့အတွက် တာဝန်ရှိပါသည်။

Yara အနေနှင့် ဒေသတွင်း ဝန်ဆောင်မှုပံ့ပိုးသူများမှသည် ကမ္ဘာလုံးဆိုင်ရာ ကုန်ကြမ်းပစ္စည်း ထုတ်လုပ်သူများ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများနှင့် နည်းပညာအထိ ပေးထားသော မည်သည့်ကဏ္ဍတွင်မဆို အလွန်တော်သော ပစ္စည်းပေးသွင်းသူများနှင့်အတူ လက်တွဲလုပ်ဆောင်ရန် ရည်ရွယ်သည်။ ကမ္ဘာလုံးဆိုင်ရာအားဖြင့် ဗဟိုချုပ်ကိုင်မှုရှိပြီး အဆင့်မြှင့်ပေါင်းစပ်ထားသော ဝယ်ယူရေးလုပ်ဆောင်ချက်သည် ကျွန်ုပ်တို့၏ အားလုံးခြုံငုံပါဝင်သည့် ရည်မှန်းချက်ကို ပံ့ပိုးနေစဉ်တွင် Yara ရှိ ဒေသများ၊ ယူနစ်များနှင့် လုပ်ငန်းဆောင်တာအသီးသီး၌ အားရဖွယ်အဖြစ်ဆုံး ရေရှည်တည်တံ့သော တန်ဖိုးပေးပို့မှုကို သေချာအောင် လုပ်ပေးသည်။

ထို့ကြောင့် ဤသဘာဝပတ်ဝန်းကျင်နှင့်ရင်းမြစ်များရေရှည်တည်တံ့စေသည့် ဝယ်ယူရေးဆိုင်ရာ မူဝါဒသည် Yara ရှိ ဝယ်ယူရေးလုပ်ဆောင်ချက်အားလုံးနှင့် သက်ဆိုင်သည်။

# နောက်ဆက်တွဲ

Yara ၏ နှစ်အလိုက် ပေါင်းစပ်ရေးနှင့် ရေရှည်တည်တံ့မှု အစီရင်ခံစာများ

Yara ၏ ရွေးချယ်မှုဖြင့် ဘေးကင်းစေရေး အစီအစဉ်

Yara ၏ HESQ မူဝါဒ

စီးပွားရေး မိတ်ဖက်များအတွက် Yara ၏ ကျင့်ဝတ်

စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်စည်းမျဉ်းများ

ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် စည်းမျဉ်းဆယ်ခု

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ



မသက်ဆိုင်ကြောင်း ရှင်းလင်းချက်:

Yara International ASA သည် ဤမူဝါဒနှင့် သက်ဆိုင်သည့် မူပိုင်ခွင့်အားလုံးကို ပိုင်ဆိုင်ထားပြီး ဤမူဝါဒနှင့် ကိုက်ညီမှုမရှိသည့် တာဝန်အားလုံးကို လုံးဝထည့်သွင်း မစဉ်းစားပါ။ ဤမူဝါဒကို မကြာမကြာ အသစ်ထည့်သွင်း၊ ပြင်ဆင်နိုင်ပြီး www.yara.com တွင် မူအမှန်ကို အမြဲရရှိနိုင်ပါသည်။